

THE FLOWER MOON TRANSLATION TEAM

# ပူကြူးလေးရဲ့ စူပါဒယ်ဒီ

(Chapter 41 - 67)

စာစဥ် - ၄

## အပိုင်း(၄၁)
## သူမ ထိတ်လန့်ပျာယာခတ် နေတယ်။

ရှုရှီယန် ပူပင်သောကများနှင့် အိမ်သို့ပြန်သွားသည်။

နောက်တစ်နေ့မနက်ခင်းတွင် ပေကျောင်းမှအပေါင်ဆိုင်ကို တစ်ဖန်ထပ်သွားကာ ဆိုင်ရှေ့မှမန်နေဂျာအား အသနားခံတောင်းပန်လေသည်။

"ကျွန်မ အပေါင်စာရွက်ပျောက်သွားတာ မဟုတ်ပါဘူး။ အဝတ်လျှော်စက်ထဲ ထည့်လိုက်လို့ ပျက်စီးသွားတာပါ။ ကျေးဇူးပြုပြီး တစ်ကြိမ်လောက် လျှော့ပေါ့ပေးလို့ရမလား။ ယွမ်တစ်သိန်းနဲ့ ငါးနှစ်အတွင်း ပေးရမယ့် အတိုးအကုန်ကို ကျွန်မတစ်ခါတည်း ယူလာတယ်။ ကျွန်မတောင်းပန်ပါတယ်။ ကျွန်မကို တယောလေးပြန်ပေးပေးပါ။"

သူမ ဘယ်လောက်ပင် တောင်းပန်ပါစေ မန်နေဂျာသည် သဘောထားမပြောင်းလဲပေ။

"တောင်းပန်ပါတယ် အစ်မ။ အချိန်အတိအကျကို အပေါင်စာရွက်နဲ့ မလာနိုင်ခဲ့တဲ့အတွက် အပေါင်ပစ္စည်းကို ဆိုင်က ရက်လွန်အပေါင်ပစ္စည်းအဖြစ် ပိုင်သွားပါပြီ။ လေလံဆွဲမယ့် ပစ္စည်းတွေထဲ ပါသွားပါပြီ။ ကျွန်တော် ထပ်ပြီး ဘာမှ မကူညီနိုင်တော့ပါဘူး။ တကယ်ကို တောင်းပန်ပါတယ်။"

ဆိုင်ရှေ့ဆုံးခုံမှ မန်နေဂျာသည် သူပြောနိုင်သမျှ ရှုရှီယန်အားပြောလိုက်သည်။ သူမ အရှုံးပေးရတော့မည်။

သူမ လေလံပွဲအကြောင်း စုံစမ်းလိုက်ပြီး သူမအမေ၏တယောသည် ပေ

ကျင်း ဟောင်ရီ လေလံအဆောက်အအုံ၌ ဤနေ့နေ့လယ်တွင် လေလံတင်မည်ဖြစ်ကြောင်း သိလိုက်ရသည်။ရှုရှီယန် ထိတ်လန့်ပျာယာခတ်သွားသည်။

အိုး။ မဟုတ်ဘူး။ တယောသာ ရောင်းထွက်သွားရင် ထပ်ပြီးရှာဖို့အတွက် အခွင့်အရေးရှိတော့မှာ မဟုတ်တော့ဘူး။

ရှုရှီယန် ဘဏ်သို့ အလောတကြီးသွားလိုက်သည်။ သူမနိုင်ငံခြားတွင် နေခဲ့သည့်အချိန်အတွင်း အပ်နှံထားသော အာမခံငွေများမှ သူမထုတ်နိုင်သမျှ ထုတ်နေရင်းနှင့် တစ်မနက်လုံး အချိန်ကုန်သွားသည်။ ယင်ဘာအိုနှင့်အတူ တိုက်ရိုက်ထုတ်လွှင့်မှုမှ ရသောငွေများကိုလည်း အကုန်ထုတ်လိုက်ပြီး ရသမျှငွေအားလုံးအား ကတ်တစ်ကတ်တွင်ထည့်လိုက်သည်။

သူမ၏အိတ်ထဲတွင်ရှိသော ယွမ်တစ်သိန်းနှင့် ကတ်ထဲတွင်ရှိသော ပိုက်ဆံများပေါင်းလိုက်လျှင် ယွမ်းခြောက်သိန်းထက်ပိုရှိပေသည်။ ရှုရှီယန် မျှော်လင့်ချက်အနည်းငယ်ရလာသည်။ လွန်ခဲ့သောငါးနှစ်တွင် တယောအား ယွမ်တစ်သိန်းနှင့်ပေါင်ခဲ့သည်။ သို့သော် ယခုတွင် သူမ၌ ခြောက်ဆပင်တိုးကာ ရှိနေသည်။ တယောကို သူမပြန်ရရန် သေချာသလောက်ပင်ရှိသည်။

နောက်ဆုံးတွင် နေ့လယ်ရောက်လာလေပြီ။ နေ့လယ်စာစားနေရန်အချိန်မရှိပေ။ ရှုရှီယန် သူမ၏အိတ်ကိုဆွဲကာ ပေကျင်းရှိ အကြီးမားဆုံး ဟောင်ရီလေလံဆွဲမည့်အဆောက်အအုံသို့ အလျှင်အမြန်ပင် သွားရသည်။ အဆောက်အအုံရှိ တံခါးများအားဖြတ်ကာ အလောတကြီးဝင်လာသောကြောင့် ပုခုံးပေါ်တွင် ဆံပင်ရှည်ကြီးအားဖြန့်ချထားပြီး မော်ကြွားကာ ကျက်သရေရှိနေသည့် အမျိုးသမီးတစ်ယောက်အား မတော်တဆတိုက်မိလိုက်သည်။

ရှုရှီယန် နိုင်ငံခြားမှပြန်ရောက်သည့်အခါတွင် ပြည်တွင်း၌ နာမည်ကြီး

သည့်မှာမကြာသေးသော အသက်ငယ်ငယ် တယောတီးခတ်သူ ရှွင်ရာတင်အားမသိပေ။ ရှွင်ရာတင်သည် တစ်ဆယ်စင်တီမီတာရှိသော ဒေါက်အချွန်အားစီးထားကာ ရှနယ်တံဆိပ် အဝတ်အစား အားဝတ်ထားသည်။ သူမသည် ကျော့ရှင်းကာကြည့်လှသော ပုံစံအနေအထားနှင့်ပင်။ သို့သော် ရှုရှီယန်နှင့် တိုက်မိလိုက်သောကြောင့် အနည်းငယ် ပုံစံပျက်သွားလေသည်။

ထိုမတော်တဆမှုဖြစ်နေချိန်တွင် အစောင့်တစ်ယောက်သည် အမှိုက်တွန်းလှည်းနှင့် သူမတို့အနားမှဖြတ်သွားသည်။ ရှွင်ရာတင် အပြင်းအထန်ယိုင်ထိုးသွားကာ အမှိုက်တွန်းလှည်းထဲသို့ လဲကျသွားလေပြီး သူမ၏ဝတ်စုံသည် ပေစွန်းကုန်လေသည်။

"ဟေး။ နင်ဘာလုပ်လိုက်လဲ ကြည့်လိုက်။"ရှွင်ရာတင် အော်ပြောလိုက်သည်။

သူမဘာသာထပြီး သူမ၏စကတ်အားကြည့်လိုက်ကာ မျက်မှောင်ကြည့်သွားသည်။

"ငါ့ရဲ့ အဝတ်အစားတွေ ဘယ်လိုပေကုန်လဲ ကြည့်လိုက်အုန်း။ဒီဝတ်စုံဘယ်လောက်ဈေးကြီးလဲ မသိ့ဘူးလား။"

ရှုရှီယန် အမြန်ပင်တောင်းပန်လိုက်သည်။

"ကျွန်မ တကယ်ကို တောင်းပန်ပါတယ်။ ကျွန်မအလောတကြီး ပြေးလာလို့ အစ်မကို မမြင်လိုက်ဘူး။ တကယ်ကို တောင်းပန်ပါတယ်။ ညစ်ပတ်သွားတယ်ဆိုရင် အခြောက်လျှော်ဆိုင်ကို အမအတွက် ကျွန်မပို့ပေးပါမယ်။"

ရှုရှီယန် တောင်းပန်ပြီးကာ သူမ၏အဝတ်အစားများအား အခြောက်လျှော်ဆိုင်သို့ ပို့ပေးမည်ဟု စိတ်ကူးထားသည်။ သို့သော် ရှွင်ရာတင်သည်

မာနကြီးကာ ယုတ္တိမရှိဆုံးဖြတ်ထားသည့် ပုံစံပင်။

"အဝတ်လျှော်ဆိုင်ကို အခုသွားဖို့ မင်းမှာ အချိန်ရှိလို့လား။ ငါက ဘာဝတ်ရတော့မှာလဲ။ ကန်းနေလား။ ဦးနှောက်ရှိရဲ့လား။"

ထိုအမျိုးသမီးအား ပြောဆိုဆက်ဆံရန် ခက်ခဲမည့်အကြောင်းအားသိပြီးနောက် ရှုရီယန်၊ သူမ၏ စိတ်ရှည်သည်းခံမှုသည် တဖြေးဖြေးလျော့လာသည်။

"ဒီမှာ။ ညီမလား။ အမလား မသိဘူး။ ဖြစ်သွားတာက ရည်ရွယ်ပြီး လုပ်ထားတာမှမဟုတ်တာ။ ငါတောင်းလည်း တောင်းပန်ထားတယ်။ အဝတ်တွေကို အခြောက်ခံပြီး သန့်သန့်ရှင်းရှင်းဖြစ်သွားအောင် ကူညီပေးဖို့ စိတ်ကူးလည်းရှိတယ်။ တခြားဘာများ ထပ်လိုချင်နေတာလဲ။"

***

## အပိုင်း(၄၂)

## သူမက သိသိသာသာကို ပြဿနာလိုက်ရှာနေတာ။

ရွှင်ရာတင်၊ သူမ၏လက်များပိုက်ကာ မျက်ခုံးတစ်ဖက်ပင့်လိုက်သည်။ ဤနေ့သည် သူမ လုံးဝစိတ်တိုကာဒေါသထွက်နေရမည့်နေ့ အသေအချာပင်။

"အခြောက်သန့်ရှင်းရေးကြောင့် ပျက်စီးသွားရင်ကော။ဟမ်။ ဒီအခြောက်လျှော်ဖို့လေးကို ငါမတတ်နိုင်ဘူးများ ထင်နေလား။ ဒီဟာက အကန့်အသတ်နဲ့ထုတ်ထားတဲ့ ရှပ်အင်္ကျီ။ မင်း လုပ်ရမှာက ငါ့ကို အသစ်တစ်ထည်ဝယ်ပေးလိုက်ရုံဘဲ။"

စကားနှင့်ရန်ဖြစ်နေသောရန်ပွဲသည် အရှိန်မြင့်လာလေသည်။ လူအုပ်ကြီးသည် သူတို့၏အနားတွင် စတင်စုရုံးလာလေသည်။

"နင့်ရဲ့ရှပ်အင်္ကျီက ဘယ်လောက်တောင် တန်မှာမို့လို့လဲ။"

"ယွမ်တစ်သိန်း။ မင်းပေးနိုင်လို့လား။ မင်းလိုမျိုး ရိုးရိုးမိန်းမတစ်ယောက်က ဒီလိုရှပ်အင်္ကျီမျိုးဝယ်နိုင်ဖို့ ပိုက်ဆံဘယ်တော့မှရှာနိုင်မှာမဟုတ်ဘူး။"

ရွှင်ရာတင်သည် ရှူရှီယန်နှင့် သူမ၏သာမာန်အဝတ်အစားများအပေါ် အထင်သေးစွာပြောလိုက်သည်။

ရှူရှီယန်ပုံစံသည် ရွှင်ရာတင်ပြောသလို သနားစဖွယ်ပုံစံမဟုတ်သေးပင်။ သူမသည် နားချိန်မရှိ တောက်လျှောက်အလုပ်လုပ်နေခဲ့သည်။ သူမ၏ဆံပင်များပွနေကာ သူမ၏ အဝတ်အစားများ လဲရန်လည်း အချိန်မရှိပေ။ ပေကျင်း ဟောင်ရီလေလံအဆောက်အအုံ၌ သူမပုံစံသည် လူအများ

မျှော်လင့်ထားသလိုပုံစံမဟုတ်သည်မှာ မှန်သည်။

ရွှင်ရာတင်နှင့် ပြဿနာအားဖြေရှင်းရန် ရှုရှီယန်၊ သူမ၏လက်ကိုင်အိတ်အားဖွင့်ကာ ရွှင်ရာတင်၏ခြေထောက်ဘေးသို့ ပစ်ချလိုက်သည်။

"ယွမ်တစ်သိန်းဘဲလား။ အဲဒါဆိုရင်တော့ နင်ရဲ့အဝတ်အစားတွေအကုန်ငါဝယ်မယ်။"

လက်ကိုင်အိတ်သည် ကြမ်းပြင်ပေါ်သို့ကျသွားကာ အိတ်ထဲမှ ငွေသားအထပ်လိုက် လိမ့်ကျလာသည်။ တစ်ချက်တည်းနှင့်ပင် အိတ်ထဲမှ ယွမ်တစ်သိန်းထက်ပင် ပို၍ရှိကြောင်းသိနိုင်ပေသည်။

ပိုက်ဆံအမြောက်အမြားအားတွေ့လိုက်ရသည့်အခါ ရွှင်ရာတင် အံ့ဩမှင်သက်သွားသည်။ ရှုရှီယန်ကဲ့သို့ လူတစ်ယောက်သည် ဤကဲ့သို့ငွေအမြောက်အမြားသယ်လာမည်ဟု ရွှင်ရာတင် တစ်ခါမျှမတွေးဖူးပေ။ လူအများကြီးရှေ့တွင် သူမရှက်သွားကာ ပြေးစရာနေရာပင်မရှိပေ။

" သူ့အဝတ်အစားက ယွမ်တစ်သိန်းထက်ပို တန်ဖိုးရှိပြီး ကျွန်မကအဲ့ပိုက်ဆံတွေကို မတတ်နိုင်ဘူးလို့ ဒီအမျိုးသမီးပြောတာကို လူတိုင်းကြားမယ်ထင်ပါတယ်။ အခု ကျွန်မမှာ ပိုက်ဆံတွေရှိတယ်။ အဲတာကြောင့်မို့ သူဝတ်ထားတဲ့အရာမှန်သမျှ ကျွန်မပိုင်တယ်လို့ထင်ပါတယ်။ မှန်ပါသလား။"

ရန်ပွဲအားကြည့်နေကြသည့် လူအုပ်ကြီးတစ်ခုလုံးသည် ထိုအကြောင်းအား သဘောတူလိုက်သည်။

"ဟုတ်တာပေါ့။ မှန်တယ်။ ယွမ်တစ်သိန်းကို သုံးဖို့ မင်းက ဆန္ဒရှိနေတယ်။ သဘာဝကျကျဆိုရင် အဲ့အဝတ်အစားတွေအကုန်လုံးကို အခု မင်းပိုင်သွားပြီလေ။"

ရှုရှီယန် သူမရှေ့တွင်ရပ်နေသော အမျိုးသမီးအားကြည့်လိုက်သည်။

"လူအုပ်ကြီးက ဘာပြောတယ်ဆိုတာ မင်းနားလည်မယ်လို့ မျှော်လင့်ပါတယ်။ အဝတ်အစားတွေအတွက် ငါပေးပြီးပြီ။ အဲတော့ ကျေးဇူးပြုပြီး ကျွန်မကို အဝတ်အစားတွေ ချွတ်ပြီးပေးပါ။ အခု ဒီနေရာမှာဘဲ ချက်ချင်း။"

လူအုပ်ကြီးသည် အသံပြိုင်တူအော်လာကြသည်။

"ချွတ်။ချွတ်။ချွတ်။"

"နင်…။နင်။နင်…နင့်ကို ဒီကိစ္စနဲ့ပက်သက်ပြီး အလွတ်မထားဘူး။"

ရွှင်ရာတင်သည် သူမအား ရှုရှီယန် အနိုင်ယူကာ တွန်းအားပေးနေသောကြောင့် အလွန် စိတ်တိုနေလေသည်။ ထို့အပြင် သူမ လူအများရှေ့တွင် အဝတ်အစားများ မချွတ်နိုင်ပေ။

ထိုအချိန်တွင် ဝတ်ကောင်းစားလှဝတ်ထားသော ချမ်းသာသည့် စီးပွားရေးသမားတစ်ယောက် ရွှင်ရာတင်ထံ လျှောက်လာကာမေးလိုက်သည်။

"တင်တင်။ ဘာဖြစ်တာလဲ။"

ရွှင်ရာတင် သူမအဖေဖြစ်သူအား မြင်လိုက်ချင်း စတင်ငိုကြွေးအော်ဟစ်လိုက်သည်။

"ဒယ်ဒီ။"

သူမ ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာအကုန်လုံးအား အဖေဖြစ်သူကို ရှင်းပြလျက်ငိုနေသည်။

သူမ၏အဖေ ရွှင်ကျောင်းရွှန်သည် သူမပြောသည့်အကြောင်းများအား နားထောင်နေသည်။ သို့သော် သူ့အတွက် ဤကိစ္စသည် အရေးတကြီးကိစ္စမဟုတ်ပေ။ အမြဲပင် အာရုံစိုက်ခံရပြီး လူအများ၏ စိတ်ဝင်စားမှုအဓိကနေရာအား သဘောကျသော သမီးဖြစ်သူ၏ဒေါသအား နားလည်ပေသည်။

ထိုအခြေအနေအပေါ် ထင်မြင်ချက်မည်မျှပင်မပြောကာ လူအုပ်ကြီးအား သာမာန် နားလည်မှုလွဲကြောင်းပြောလေသည်။ ထို့နောက် သမီးဖြစ်သူအား ခေါ်သွားသည်။

"ဟုတ်ပါပြီ။ တင်တင်။ ငိုမနေတော့နဲ့။ ဟုတ်ပြီလား။ နောက်ပြီးရင် အဝတ်အစားသစ်ဝယ်ပေးမယ်။ လာပါ။ အထူးစပါရှယ်တယော လိုချင်တယ်လို့ ပြောခဲ့တာမဟုတ်ဘူးလား။ လာ။ သမီးအတွက် သွားယူကြရအောင်။ ဟမ်။ သွားကြတော့မလား။"

လေလံဆွဲမည့်နေရာသို့ သွားနေစဉ် ရှင်ကျောင်းရှန်သည် သမီးဖြစ်သူအား အငိုတိတ်ရန် ချော့မော့နားချနေသည်။ ရှင်သာအဖနှစ်ယောက် ထွက်သွားပြီးသည့်နောက် လူအုပ်သည် တိုးတိုးနှင့် ပြောနေကြသည်။

"ဟေး။ အဲတာ ရှင်ရာတင်မဟုတ်ဘူးလား။ နာမည်ကြီးနေတဲ့ တယော ပညာရှင်မဟုတ်လား။"

"မင်းပြောမှဘဲ ဟုတ်တယ်ထင်တယ်။ ငါလည်း သူ့ကို ဘယ်နေရာတွေ့ဖူးမှန်း စဉ်းစားနေတာ။ အိုး။ ငါ့လူရေ။ သူက အပြင်မှာ ပိုချောတယ်နော်။ ဒါပေမယ့် တော်တော်ကို ဒေါသကြီးတဲ့သူ လို့ပြောရမယ်။"

"ပြောပြမယ်။ အခုခေတ် ချမ်းသာတဲ့မိဘတွေရဲ့ အလိုလိုက်ခံထားရတဲ့ ကလေးတွေက ...."

"သူရဲ့ တင်ဆက်မှုက တစ်ကြိမ်ဘဲပြတယ်လို့ ကြားဖူးတယ်။ တကယ်ကို တော်လို့နေမှာ။ ပေကျင်းအနုပညာပြခန်းမှာ နောက်လကျ ဖျော်ဖြေမယ်လို့ ထင်တယ်။"

***